# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျောက်တန်းမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ( စတုတ္ထနှစ် )

Village Development Plan ( VDP )


ချောင်းဝကျေးရွာ၊ ချောင်းဝကျေးရွာအုပ်စု

၂၀၁၉ခုနှစ် ကျောက်တန်းမြို့

# မာတိကာ

၁။ ကျောက်တန်းမြို့နယ် မြေပုံ............................................................2
၂။ချောင်းဝကျေးရွာအုပ်စုမြေပုံ............................................................3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ............................................................4
၄။ကျေးရွာအခြေခံအချက်အလက်များ............................................................4
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်.........7
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ............................................................8
၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ............................................................17
၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ...........20
၉။ ကော်မတီဝင်များစာရင်း............................................................22
၁၀ ။ပုံစံစ-၁။ကျေးရွာအချက်အလက်............................................................24
၁၁။ ပုံစံ စ ၂။ စီမံကိန်း အချိန်ဇယား............................................................28
၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်............................................................30
၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်............................................................33
၁၄။ အစည်းအဝေးမှတ်တမ်းများ............................................................35
၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)............................................................40

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ချောင်းဝကျေးရွာအုပ်စုမြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ချောင်းဝ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

**၁။ကျေးရွာသမိုင်းအကျဉ်း**

ချောင်းဝကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ် အနီးနားမှာရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ချောင်းဝကျေးရွာဟု ခေါ်ဆိုရခြင်းမှာ မှော်ဝန်းချောင်းသည် မုတ္တမပင်လယ်ကွေ့သို့ အထွက်ပင်လယ်နှင့် ချောင်းဆုံစီးရာ အဝတွင် ရွာတည်သောကြောင့် ချောင်းဝ ကျေးရွာဟု အမည်ပေးခဲ့ပါသည်။ ချောင်းဝကျေးရွာ၏ အဓိကစီးပွားရေးအနေမှာ စပါးစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကို အဓိက လုပ်ကိုင်စားသောက်ကြပါသည်။ ချောင်းဝကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ် နေသောရွာများမှာ အရှေ့ဘက်တွင် ဘော်ကလွတ်၊ အနောက်ဘက်တွင် မှော်ဝန်းချောင်း၊ တောင် ဘက်တွင်မီးပြကျေးရွာ၊ မြောက်ဘက်တွင် သနပ္ပချင်းကျေးရွာ တို့ဖြစ်ပါသည်။ လူမျိုးစုများအနေဖြင့် ဗမာလူမျိုးနှင့် ဟိန္ဒူလူမျိုးများ နေထိုင်ကြပါသည်။ ချောင်းဝကျေးရွာသည် ကျောက်တန်းမြို့နယ်နှင့် (၄၀)မိုင်ခန့် ကွာဝေးပါသည်။ ချောင်းဝကျေးရွာမှ ကျောက်တန်းသို့ မိုးရာသီတွင် စက်လှေဖြင့် အများ ဆုံးသွားလာပြီး လူအနည်းစုသာ ဆိုင်ကယ်ဖြင့်သွားကြပါသည်။ နွေရာသီတွင် စက်လှေ၊ ဆိုင်ကယ်နှင့် ကားဖြင့် သွားလာ၍ရသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာလူထုသည် ပညာ ရေးကို အလေးထား ဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦး ကို တစ်ဦး ရိုင်းပင်းကူညီကြပါသည်။

## ၂။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁၄ | ၂၅ | ၃၁ | ၅၆ |
| ဗမာ | ၅၉၄ | ၁၀၇၁ | ၁၀၄၂ | ၂၁၁၃ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၆၁ | ၄၄ | ၅၇ | ၁၀၁ |
| မြေယာမဲ့ | ၅၀ | ၅၉ | ၆၄ | ၁၂၃ |
| မသန်စွမ်း | ၆ | ၆ | ၄ | ၁၀ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ဝက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ကြက် | စပါးအရောင်းအဝယ်၊ ပဲတီစိမ်းအရောင်းအဝယ် | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ ကျောက်ရရှိမှု | ရေတွင်း /ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၇၂၀ဧက | ၀ဧက | ၀ဧက | ၀ | ၂/၆ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစား ဆည် | ဈေးဆိုင် |
| အရေအတွက် | ၁၀ | ၁၈ | ၁ | ၃ | ၀ | ၁၇ |


### ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၁၀ | ၁၄ | ၂၀ | ၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀ | ၄၅ | ၈ | ၅၀ | ၆ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၄.၀၁.၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၃၈ | ၃၂ | ၇၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၄.၀၁.၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၃၈ | ၃၂ | ၇၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပွဲတော်များ၊ ကျန်းမာရေး၊ ဝင်ငွေထွက်ငွေ၊ အားလပ်ချိန် |
| ၃ | ဥစ္စာခနဲ့ကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၂၄.၀၁.၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၃၅ | ၄၅ | ၈၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၂၄.၀၁.၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူထု | ၃၅ | ၄၅ | ၈၀ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၂၄.၀၁.၂၀၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ | ၂၅ | ၁၇ | ၄၂ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၀၁.၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၆ | ၁၃ | ၂၉ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ




### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

**သုံးသပ်ချက်**

ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပြီးအိမ်ထောင်စု(၆၀၈)စု ကျား(၁၀၉၆)၊ မ(၁၀၇၃) စုစုပေါင်း(၂၁၆၉)ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့် စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် တစ်ပိုင် တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဟိန္ဒူအုပ်စုများက ကျေးရွာတွင်းတွင် ရောနှော နေထိုင်ကြပါသည်။ ရွာတွင်းအပိုင်းများတွင် ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်သော ဗမာ လူမျိုးနှင့် ဟိန္ဒူဘာသာကို ကိုးကွယ်သော ဟိန္ဒူလူမျိုးအနည်းငယ် နေထိုင်ကြပါသည်။ ချောင်းဝကျေးရွာတွင် EPC မီးရရှိသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ အတွက် အထောက်အကူများစွာရရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်သောကြောင့် ကျေးရွာအတွင်းတွင်း သွားလာရေး ကောင်းမွန်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ရွာတွင်းတွင် ရေဆင်းတံတား(၁)စင်း ရှိပါသည်။ ချောင်းဝကျေးရွာတွင် ဘုရားတစ်ဆူ၊ ဈေးတန်းတစ်ခု၊ မူကြိုကျောင်းတစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတစ်ခန်း၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သောက်သုံးရေကန် (၆)ကန် ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် သုသာန်တစ်ခုရှိပါသည်။ ကျေးရွာပိုင် လယ်ကွင်းများသည် မြောက်ဘက်နှင့် တောင်ဘက်တွင် ရှိပါသည်။ ချောင်းဝကျေးရွာတွင် ချမ်းသာသော အိမ်မှာနည်းပါးပြီး အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုများပါသည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | မျှောပိုက် ၊ လယ် ၊ ရိတ်စက် ၊ ကား ၊ ထွန်စက် ၊ ငါးဒိုင် ၊ ဆန်စက် | ၁၂၂ | ၂၀% |
| အလယ်အလတ် | ကုန်စုံဆိုင် ၊ ထော်လာဂျီ ၊ မျှောပိုက်အသေး ၊ အထွေထွေရောင်းဝယ်ခြင်း ၊ လယ် | ၃၀၄ | ၅၀% |
| နွမ်းပါး | အထွေထွေလုပ်သား (ကျပန်း) ၊ ခေါင်းရွက်ဈေးသည် ၊ ကုန်စိမ်းသည် | ၁၈၂ | ၃၀% |
| | စုစုပေါင်း | ၆၀၈ | ၁၀၀% |

### သုံးသပ်ချက်

ချောင်းဝကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး ဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာမျှောပိုက်၊ လယ်၊ ရိတ်စက်၊ ကား၊ ထွန်စက်၊ ငါးဒိုင်၊ ဆန်စက်တို့အားပိုင်ဆိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုနေသော အိမ်ထောင်စုမှာ (၁၂၂)စုနှင့် ရာခိုင်နှုန်းမှာ(၂၀%)ရှိပြီး၊ အလယ်အလတ်အဆင့်တွင် ကုန်စုံဆိုင်၊ ထော်လာဂျီ၊ မျှောပိုက်အသေး၊ အထွေထွေရောင်းဝယ်ခြင်း၊ လယ်တို့ကိုပိုင်ဆိုင်သောအိမ်ထောင်စုမှာ(၃၀၄) စုဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၅၀%)နှင့် နွမ်းပါးသောအဆင့်မှာ အထွေထွေလုပ်သား၊ ခေါင်းရွက်ဈေးသည်၊ ကုန်စိမ်းသည်တို့ဖြစ်ကြပြီး အိမ်ထောင်စုမှာ (၁၈၂)အိမ်ထောင်စု ဖြစ်ပြီး ရာခိုင်နှုန်းမှာ (၃၀%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

## ၃။ရာသီခွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်။



### သုံးသပ်ချက်

### ရာသီဥတု

ရာသီဥတုအနေဖြင့် တန်ဆောင်မုန်း၊ တပို့တွဲနှင့် တပေါင်းလများတွင် သာယာ၍ ကဆုန်၊ နယုန်၊ ဝါဆိုနှင့် ဝါခေါင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တော်သလင်းနှင့် သီတင်းကျွတ်လများတွင် မိုးအသင့်အတင့်ရွာပြီး နတ်တော်နှင့် ပြာသိုလများတွင် အေးချမ်း၍ ရာသီဥတုသာယာပါသည်။

### စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်းများကို တန်ခူး၊ ကဆုန်လများတွင် စတင်ထွန်ယက်ကြပြီး ကဆုန်လ တွင် ပျိုးကွဲကာ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် ပျိုးနတ်ကောက်စိုက်၍ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်း ကြပါသည်။ နတ်တော်လတွင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြပြီး ပြာသိုလတွင် ပဲပင်ပေါက်၍ တပို့တွဲလတွင် ပဲတီစိမ်းများ ခူးကြပါသည်။

### မွေးမြူရေး

မိသားစုတစ်နိုင်တပိုင် ဝင်ငွေရရှိရန် ကြက်နှင့် ဝက်များကို တစ်နှစ်ပတ်လုံးတနိုင်တပိုင် မွေးမြူကြပါသည်။

**ရေလုပ်ငန်း**

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ငါးအများအပြားရပြီး ကျန်လများတွင် အနည်းငယ်သာဖမ်းဆီးရရှိပါသည်။

**ကျန်းမာရေး**

ရာသီဥတုအပြောင်းအလဲကာလများနှင့် ကဆုန်၊ နယုန်လများတွင် သွေးလွန်တုပ်ကွေး ရောဂါများ ဖြစ်ပွားလေ့ရှိကြောင်းတွေ့ရှိရပါသည်။

**ပွဲတော်များ**

တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင်ဝါဆိုသင်္ကန်းကပ်ပွဲ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် ဆီမီးပူဇော်ပွဲနှင့် တပေါင်းလတွင် ဘုရားပွဲများ ကျင်းပ ကြပါသည်။


**အားလပ်ချိန်**

တပို့တွဲ၊ တပေါင်း၊ တန်ခူးလများတွင် ပဲသိမ်းချိန်ဖြစ်၍ အားလပ်ကြပြီး ကျန်သောလများတွင် အနည်းနှင့်အများ မအားလပ်ကြကြောင်း တွေ့ရှိရပါသည်။

**ဝင်ငွေ/ထွက်ငွေ**

ဝင်ငွေအနေဖြင့် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် စပါးနှင့်ပဲတီစိမ်းပေါ်ချိန်ဖြစ်သောကြောင့် ဝင်ငွေကောင်းပြီး နယုန်၊ ဝါဆိုလများတွင် စပါး စတင်စိုက်ပျိုးသောကြောင့် ဝင်ငွေနည်းပြီး ထွက်ငွေများကြောင်း တွေ့ရှိရပြီး ကျန်သော လများတွင် ဝင်ငွေအသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

## ၄။ဗင်းပုံစံသုံးသပ်ချက်။




## သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် လူလတ်အဖွဲ့၊ ပညာရေးအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေးမြှင့်မားစေရန်အတွက် မြို့နယ်ပညာရေးမှူးရုံးနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ နာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အာစိဏ္ဏကံအဖွဲ့၊ မေတ္တာရှင်ထမင်းချက်အဖွဲ့တို့သည် ဘာသာရေး၊ သာသနာရေး၊ နာရေးကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ မြစိမ်းရောင်အဖွဲ့အစည်းများသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိ ရပါသည်။ ကျေးရွာအတွင်းရှိ လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၊ ကျေးလက်ဦးစီး ဌာနတို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာအတွင်း မီးသတ်တပ်ဖွဲ့သည်လည်း မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါ သည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်သည်လည်း ကျေးရွာအဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

## ၅။ပင့်ကူအိမ်သုံးသပ်ချက်။



### သုံးသပ်ချက်

### အရင်းအမြစ်သုံးချနိုင်မှု

ကျေးရွာအတွင်းတွင်ရှိသော အရင်းအမြစ်များအသုံးချရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် ရာခိုင်နှုန်းမကွာကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးများသည်လည်း ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော အခြေခံအဆောက်အဦးများအား အမျိုးသားများနည်းတူသုံးစွဲကြသောကြောင့် အရင်းအမြစ်များအသုံးချမှုအပိုင်းတွင် ရာခိုင်နှုန်းမကွာကြောင်းတွေ့ရှိရသည်။

### ဦးဆောင်နိုင်မှု

စီမံကိန်းမှ ပို့ချသော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကြောင့် ကျားမရေးရာနှင့် ပတ်သက်သော အသိပညာများ ရရှိကာ အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ ပူးပေါင်းပါဝင်ဆွေးနွေးမှုများသည် ယခင်နှစ်များထက် ပို၍အားကောင်းလာကြောင်း တွေ့ရှိရသည်။

## လူမှုရေးအဖွဲ့စည်းများတွင်ပါဝင်ခွင့်

ကျေးရွာ၏ ဘာသာရေး၊ သာရေး၊ နာရေးကိစ္စများတွင် အမျိုးသား၊ အမျိုးသမီး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်းတွေ့ရှိရသည်။ စည်းလုံးညီညွတ်မှုရှိသော ကျေးရွာတစ်ရွာဖြစ်သည်။

## ဝင်ငွေရရှိမှု

ကျေးရွာအတွင်းရှိ အမျိုးသားများသည် မိသားစုအတွက် ဝင်ငွေကို ဦးဆောင်ရှာဖွေရပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ ဆောင်ရွက်ရသောကြောင့် အမျိုးသမီးများထက် ပို၍ ဝင်ငွေရရှိသည်ကို တွေ့ရှိရပါသည်။

## အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု

မြန်မာတို့၏ထုံးတမ်းအစဉ်အလာအရ အမျိုးသမီးများသည် အမျိုးသားများထက် အိမ်မှုကိစ္စများကို အချိန်ပြည့် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများသည် အိမ်မှုကိစ္စများတွင် ပူးပေါင်းပါဝင်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။

## ကျန်းမာရေးဗဟုသုတသိရှိမှု

အမျိုးသမီးများသည် အိမ်မှုကိစ္စများအားအချိန်ပြည့်လုပ်ကိုင်နေရင်း မိသားစုအား အချိန်ပြည့် ဂရုစိုက်နေရသောကြောင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့်ပတ်သတ်သော ဗဟုသုတသိရှိမှုတွင် အမျိုးသားများထက် သာလွန်နေကြောင်း တွေ့ရှိရသည်။


## ပညာရေး

အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင် ရာခိုင်နှုန်းမကွာကြောင်းတွေ့ရှိရပါသည်။ ယခုအခါ အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူ ပညာသင်ကြားနိုင်ခွင့်ရရှိနေပြီဖြစ်သည်။

# လုံခြုံမှု

ယခင်ကအမျိုးသမီးများသည် အမျိုးသားများနှင့် ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံအရ မတူညီခြင်း၊ ခရီးများသွားလာရာတွင် အမျိုးသားများထက်လုံခြုံမှုအားနည်းခြင်း၊ ပတ်ဝန်းကျင်အခြေအနေများအရ အန္တရာယ်ရှိခြင်း စသည်တို့ကြောင့် လုံခြုံမှုအပိုင်းတွင်သည်ကိုတွေ့ရပါသည်။ သို့သော်လည်း ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်လာမှု၊ အမျိုးသမီးများ၏ ပညာအဆင့်အတန်းများ မြင့်မားလာမှုများကြောင့် အမျိုးသမီးများမှာ အမျိုးသားများနည်းတူ လုပ်ရှားရန်းကန်၍ မိသားစုဝင်ငွေတိုးစေရန် လုပ်ကိုင်နေကြပြီဖြစ်သည်။

၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



## သုံးသပ်ချက်

### အသုံးပြုမှု

ကျေးရွာ၏အရင်းအမြစ်ဖြစ်သော လယ်ထွန်စက်စသည် တို့ကိုအမျိုးသားများ အသုံးပြုပြီး အမျိုးသမီးများမှာ အပ်ချုပ်ဆိုင်စသည့် အရင်းအမြစ်များကို အသုံးပြုကြကြောင်းတွေ့ရှိရသည်။ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံး အသုံးပြုသော အရင်းအမြစ်များမှာ စက်လှေ၊ ချောင်း၊ ပိုက်၊ လယ်ယာမြေ၊ စာသင်ကျောင်း၊ လမ်းတံတား၊ ဘုန်းကြီးကျောင်း၊ ရေတွင်းရေကန်၊ ဆေးပေးခန်း၊ မူကြိုကျောင်း တို့ဖြစ်ကြပါသည်။ အသုံးပြုမှုသည် အရင်းအမြစ်များအား လူမှုရေး စီးပွားရေး၊ ဘာသာရေး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကိစ္စများနှင့် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသည်ကို ဆိုလိုသည်။

### ထိန်းချုပ်မှု

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော စက်လှေ၊ လယ်ယာ၊ ရေတွင်းရေကန်၊ ချောင်း၊ ပိုက်၊ လယ်ထွန်စက်စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်ဆိုင် စသည်တို့ကို အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီးနှစ်ဦးလုံး ထိန်းချုပ်ထားသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ လမ်းတံတား၊ ဆေးပေးခန်း၊ မူကြိုကျောင်း တို့ဖြစ်ကြပါသည်။ ထိန်းချုပ်မှုသည် အရင်းအမြစ်များဖြစ်သော လယ်ယာမြေ၊ စာကြည့်တိုက်၊ ရေတွင်းရေကန် စသည့်တို့ကို ပျက်စီးခဲ့လျှင် သော်လည်းကောင်း၊ ယိုယွင်းခဲ့လျှင်သော်လည်းကောင်း ရှိခဲ့ပါက ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း စသည့်အပိုင်းများကို ဆိုလိုသည်။

## ၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ

### ၁။အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင်အမျိုးသမီးကဏ္ဍအတွက်စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ။ ရက်စွဲ - ၂၃.၁၀.၂၀၁၉

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေး တက်ရောက်လူသူများအား ကျား-မ ရေးရာအခြေခံသဘောတရားများကို ရှင်းလင်း ဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင်ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကို ရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ ဆင်းရဲ/ နွမ်းပါး/ ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မှီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင်ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့နေရသောအခက်အခဲများကိုသင်ဆွေနွေးမေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများ ရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်များတွင်အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက်စည်းရုံးဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်အုပ်စုများအပေါ်မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှုရှိ/မရှိစစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |

## ၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



စတုတ္ထနှစ် စီမံကိန်း စက်ဝန်း
စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ။



စတုတ္ထနှစ် စီမံကိန်း စက်ဝန်း လူမှုဆန်းစစ်ခြင်း မှတ်တမ်းဓါတ်ပုံ




စီမံကိန်းလုပ်ငန်းခွဲ မစတင်မီမှတ်တမ်း ဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ

## ၉။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးစည်သူဆွေ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ခေါင်းဆောင် |
| ၂ | ဒေါ်ခင်ချိုဝင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ခေါင်းဆောင် |
| ၃ | ဦးသက်ဇော်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၄ | ဦးကိုဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်စံပယ် | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးရွှင်ကြည် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၇ | ဒေါ်ကေသီဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးတင်နိုင်ဦး | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီခေါင်းဆောင် |
| ၉ | ဒေါ်နွယ်နွယ်အေး | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဦးကြည်ထွန်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်စန်းယုကြည် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဒေါ်နွေးနွေးလွင် | မ | ကျေးရွာစာရင်းကိုင် |
| ၁၃ | ဦးအေးသန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်သက်စုလှိုင် | မ | စေတနာ့ဝန်ထမ်း |

**ကျေးရွာအုပ်စု ကော်မတီများ**

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဦးစိန်လှိုင် | √ | | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ချောင်းဝကျေးရွာ |
| ၂ | ဒေါ်ခင်ချိုဝင်း | | √ | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | ချောင်းဝကျေးရွာ |
| ၃ | ဦးစည်သူဆွေ | √ | | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ချောင်းဝကျေးရွာ |
| ၄ | ဒေါ်ဝင်းဝင်းအေး | | √ | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ချောင်းဝကျေးရွာ |
| ၅ | ဦးဟန်ရွှေ | √ | | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | ချောင်းဝကျေးရွာ |
| ၆ | ဒေါ်အေးအေးအောင် | | √ | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | ချောင်းဝကျေးရွာ |

**မှတ်တမ်းတင်သူ**

အမည် - ဦးအောင်ညီညီစိုး

ရာထူး - လူထုစည်းရုံးရေးမှူး

# ၁၀ ။ပုံစံ-၁။ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးမြင့်ဦး | 09-454888609 | ဦးအောင်ညီညီဦး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ချောင်ဝ | ချောင်းဝ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)ဗမာ | ၅၉၄ | ဘာသာ(၁)ဗုဒ္ဓ | ၅၉၄ |
| လူမျိုးစု (၂)ဟိန္ဒူ | ၁၄ | ဘာသာ(၂)ဟိန္ဒူ/ဗုဒ္ဓ | ၁၄ |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၁၀ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၁ |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၁၀၉၆ | ၁၀၇၃ | ၂၁၆၉ |
| လူမျိုးစု (၁) ဗမာ---- | ၁၀၇၁ | ၁၀၄၂ | ၂၁၁၃ |
| လူမျိုးစု (၂) ပအိုဝ်း--- | ၂၅ | ၃၁ | ၅၆ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၅၄၆ | ၆၂ | ၆၀၈ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☑ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>၁၁-၀-၈ (ခွဲ) | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ--ဘုရား--------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဖွံ့ဖြိုးရေး--------------

(၂) ဟက်မြန်မာ--------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးမြင့်ဦး

လက်မှတ် [signature] နေ့စွဲ ၁.၁၁.၂၀၁၉.

လူထုစည်းရုံးရေးမှူး အမည် ဦးအောင်ညီညီစိုး

လက်မှတ် [signature] နေ့စွဲ ၁.၁၁.၂၀၁၉

# ၁၁။ ပုံစံ စ ၂။ စီမံကိန်း အချိန်ဇယား

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible]

နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့် နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စု ပေါင်း | အိမ်ထောင် စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၁၀.၁၉ | ၂၃.၁၀.၁၉ | ၁၅၄ | ၁၅၄ | ၃၀၈ | ဗမာ | ၃၀၈ | ၄၀၈ | ၇၅.၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၁၁.၁၉ | ၁.၁၁.၁၉ | ၁၁၇ | ၂၄၃ | ၃၆၀ | ဗမာ | ၃၆၀ | ၄၀၈ | ၈၂.၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

# ၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

/

*ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်* (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအောင်ညီညီစိုး | | | |
| နေ့စွဲ ၁ - ၁၁ - ၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ရန်ကုန်တိုင်းဒေသကြီး | မြို့နယ်<br>ကျောက်တန်းမြို့နယ် | ကျေးရွာအုပ်စု<br>ဇချာပင်ဝ | ကျေးရွာ<br>ဇချာပင်ဝ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| စိုက်ပျိုးရေးနည်းပညာများလိုအပ်ခြင်း | ☑ ကျား ☐ မ ☐ ကျား+ မ |
| အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| သောက်သုံးရေ ရေထောက်ပံ့မှုမရှိခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ☑ ကျား ☑ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကျန်းမာရေး ဝန်ဆောင်မှုများ ကောင်းမွန်လာစေရန် | ☐ ကျား ☑ မ ☐ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ☑ ကျား ☑ မ ☐ ကျား+ မ |
| စိုက်ပျိုးရေးနည်းပညာ အထောက်အကူများ ရရှိလာစေရန် | ☑ ကျား ☐ မ ☐ ကျား+ မ |
| လယ်ယာမြေများ ရေစီးရေလာ ကောင်းမွန်လာစေရန် | ☑ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစားပေး အဆင့်သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ကျေးရွာတွင်း လမ်းကျောက်ခင်း ခင်းခြင်းလုပ်ငန်း | အမျိုးသား + အမျိုးသမီး | လမ်းပန်းဆက်သွယ်ရေး | ၁ | ၅၀၀၀၀,၀၀၀ | ၁၀၉၆ | ၁၀၅၃ | ၂၁၄၉ |
| ၂ | စာသင်ကျောင်း ဖြည့်စွက်ဆောင် ဆောက်ခြင်းလုပ်ငန်း | အမျိုးသား + အမျိုးသမီး | ပညာရေး | ၂ | ၁၅၀၀၀,၀၀၀ | ၁၀၉၆ | ၁၀၅၃ | ၂၁၄၉ |
| ၃ | | | | | | | | |
| ၄ | | | | | | | | |
| ၅ | | | | | | | | |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာသင်တန်း | ကျ + မ | စိုက်ပျိုးရေး ကဏ္ဍ |
| ၂ | မွေးမြူရေး နည်းပညာသင်တန်း | မ | အသက်မွေးဝမ်းကျောင်း |
| ၃ | စက်မှု၊ လက်မှုပညာသင်တန်း | ကျ | အသက်မွေးဝမ်းကျောင်း |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မီတီမှအတည်ပြုသည်။

အမည် ဒေါ်ခင်ချိုဝင်း လက်မှတ် [signature] နေ့စွဲ ၁-၁၁-၂၀၁၉

# ၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရမည်။ MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးပါ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ပြင်ပမှမည်သူ - ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | [illegible] | ☑ မ ☐ ကျား | | |
| | ၃ | [illegible] | ☐ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

# ၁၄။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ရွှေလင်ဝ

ကျေးရွာအုပ်စု ရွှေလင်ဝ

အစည်းအဝေးပြုလုပ်သည့်နေရာ ရွှေလင်းဝကျေးရွာဘုန်းတော်ကြီးကျောင်းဇရပ်

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၂၃ - ၁၀ - ၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ပထမအကြိမ်ကျေးရွာလူထုအစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား (    ) ၊ မ (    ) စုစုပေါင်း (    )

ဆွေးနွေးချက် (၁) ။ ။ စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စတင်ရန် ပထမအကြိမ် အစည်းအဝေးအား လူထုဆောင်ရွက်ရေးမှူး ဦးကောင်းဇော်ဦး၊ လက်ထောက်နည်းပညာ မှူး ဒေါ်ခင်သင်းမြင့် တို့မှ ကျေးရွာဖွံ့ဖြိုးရေးမှူး ၊ ရပ်မိရပ်ဖ တို့နှင့်အတူ ကျေးရွာလူထုကျေးရွာသားများနှင့် ကျင်းပခဲ့ကြသည်

ပထမဦးစွာ ကျေးရွာဖွံ့ဖြိုးရေးမှူး မှ ဂုဏ်ပြုမှာကြားစကားပြောကြားရ် ဦးကောင်းဇော်ဦး မှ စီမံကိန်းနှင့် ပတ်သက်၍ ၊ အဓိကတရားများ နှင့် မူဝါဒ စီမံကိန်းသံသရာစက်ဝန်းများ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဦးကောင်းဇော်ဦး မှ စီမံကိန်းဆိုင်ရာ အား ကျေးရွာလူထုနှင့် ဖော်ထုတ်ထားသော ဆွေးနွေးပြီး ပြီးဆုံးခဲ့သည် (၃) နှစ်တာကာလစာ ခွဲဝေမှုများနှင့် ဖော်ထုတ်ရှင်းလင်းဆွေးနွေးပြီး ကျေးရွာလူထုအား မေးမြန်းရာတွင် စီမံကိန်းတွင် ပါဝင် (၈) ဦးနှင့် အမျိုး(၂၄)ဦးစုစုပေါင်း တက်ရောက်ခဲ့သည်။

ဆွေးနွေးချက် (၂) ။ ။ သက်သေခံ ထွက်ဆိုရှင်းလင်းရေးမှူး ဦးကျော်ညွှန့်ဦး၏ မိမိကိုယ်တိုင်
စစ်ဘေးရှောင်ရှိသူများနှင့် ကလေးငယ်များ အကြောင်း ရာခိုင် (၁) နှစ်ဝန်း
မီးလိုက် အကျဉ်းချုပ် ရှင်းပြခဲ့သည် -
သက်သေခံ ထွက်ဆိုရှင်းလင်းသူများ ဖော်ပြပါ ကြိုးပမ်းမှုများ
မိမိကိုယ်တိုင် ... ...
... များအကြောင်းကို ပြောဆိုခဲ့သည် ...
များတွင် ကြုံတွေ့ခဲ့ရသည်များ ကို ... ဆွေးနွေးတင်ပြခဲ့သည် ။

ဆွေးနွေးချက် (၃) ။ ။ သက်သေခံ ထွက်ဆိုရှင်းလင်းရေးမှူး ဦးကျော်ညွှန့်ဦး နှင့် သက်သေ
ရှင်းလင်းသူများ ဖော်ပြပါ ကြိုးပမ်းမှုများ ကျေးရွာ ... များ
... ဖြစ်ကြောင်း ... ကျေးရွာ
... များတွင် ... များအကြောင်း ရှင်းလင်းပြော
ကြားခဲ့သည် ။

သုံးသပ်ချက် ။ ။ သက်သေခံ ဦးကျော်ညွှန့်ဦးမှ ပြောခဲ့သည့် (၃) နှစ်ကာလ ...
... ကျေးရွာ ... ဖြစ်သော ဦး... နှင့်
... သက်သေခံ ...
... ဖြစ်ကြောင်း ကျေးရွာ ...
ကျေးရွာ ... ဖြစ်ကြောင်း ...
... ခဲ့သည် ။

( လက်မှတ်ထိုးသူ )
ဦးကျော်ညွှန့်ဦး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးတာ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ချောင်းဝ

ကျေးရွာအုပ်စု ချောင်းဝ

အစည်းအဝေးပြုလုပ်သည့်နေရာ ချောင်းဝကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၅-၁၁-၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ [illegible]

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား (၁၁၇)၊ မ (၂၇၃) စုစုပေါင်း (၃၉၀)

ဆွေးနွေးချက် (၁) ။ ။ ချောင်းဝကျေးရွာ လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ခြင်းနှင့် ကျေးရွာကော်မတီဝင်များ ဖွဲ့စည်းတာဝန်ပေး ဆုံးဖြတ်သည့် အစီအစဉ်အား လူထုဆောင်ရွက်ရေးအဖွဲ့ ၊ ဆက်သွယ်နည်းပညာအဖွဲ့ ၊ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ ၊ ရပ်မိရပ်ဖများနှင့် ချောင်းဝကျေးရွာ၏ (၅၀%)ကျော် တက်ရောက်သော ကိုယ်စားလှယ်များနှင့် ကျင်းပ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ လူထုဆောင်ရွက်ရေးအဖွဲ့ ဦးကျော်သိန်းဝင်း နှင့် ဆက်သွယ်နည်းပညာအဖွဲ့ ဒေါ်အေးသင်းမြင့်တို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကျေးရွာလူထုနှင့် အမေးအဖြေများ၊ မေးမြန်းချက်များကို ဖြေကြားပေးခဲ့ပါသည်။ ထို့နောက် ဆက်သွယ်နည်းပညာအဖွဲ့မှ စီမံကိန်းတွင် ထောက်ပံ့ပေးသည့် လုပ်ငန်းများနှင့် ထောက်ပံ့မပေးသည့် လုပ်ငန်းများစာရင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ဦးကျော်သိန်းဝင်းမှ စတုတ္ထနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းခွဲအဆင့်များအတိုင်း ဆက်လက်လုပ်ဆောင်ရန် ... ရာတွင် ကျေးရွာလူထုမှ ဖြေဆိုဆွေးနွေးသည်

ဆုံးဖြတ်ချက်(၁)။ ။ ယခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဒိုင်ဘိုင်ကျေးရွာများအား ဖော်ထုတ်ရန် မဲပေးဆုံးဖြတ်ခဲ့ရာတွင် (၁) ရွာကျောင်းတောင်ရွာ (၂) ဘာသာရေးကျောင်း ဖြစ်နေသည့် ရိုးရာကျောင်း (၃) ချယ်ရီရွာ ကိုးချိုင် (၄) အောက်ပိုင်း ပတ်ရွာ (၅) ရွာသစ်ကျောင်းဖြစ်နေသည့် ရိုးရာ ကျောင်း (၆) ဦးရိုးမော်ကျေးရွာ (၇) ဘိုးဘိုးရွာ ကိုးချိုင် (၈) ချောင်းဖြင့်ကြားရွာ (၉) ၅င်းဆီရွာ ကိုးချိုင် (၁၀) ပေါ့ရွာ ကိုးချိုင် (၁၁) တကြေး ဆက်ကိုးချိုင် ဖြင့် တို့တွင် (၅၀%) ထက် မဲပေးရေးထားသည့်ကျေးရွာများမှ မဲပေးဖော်ထုတ် ခဲ့ကြသည်။

အွေးနွေးချက်(၂)။ ။ လူထုဆန္ဒခံယူရေးမှူး ဦးကျော်ဦးဝင်း နှင့် ကော်မတီဝင်ပူးပေါင်းမှူး ဒေါ်အေး တို့ကွန်ရက်တို့မှ ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်များ နှင့် ပတ်သက်၍ ဆွေးနွေးရာ တွင် ကော်မတီဝင်တချို့မှာ သွားလာရန်ခက်ခဲ ၊ မိုးရာသီ ရေကြီးမှုများကြောင့် ဆောင်ရွက်ချိန်တွင် ဆက်သွယ်ရန် ခက်ခဲနေသဖြင့် ဆန္ဒမပြုနိုင်ကြသဖြင့် အကြောင်းမကြားတင်ပြချက်အရ ကော်မတီဝင် တက်ရောက်နိုင်သည့်အချိန် နေ့ရက်နှင့် အချိန်၌ ကျေးရွာလူထုနှင့် ဆန္ဒခံ ပေးဖြေနိုင်ရန် ဆွေးနွေးခဲ့သည်။

ဆုံးဖြတ်ချက်(၂)။ ။ ထပ်မံ၍ ကျေးရွာအုပ်ချုပ်ရေး ဦးကောင်း ဦးသန်းထွန်းနှင့် ဒေါ်ခင်မျိုးဝင်းတို့နှင့် ဆန္ဒခံယူရာတွင် ကော်မတီဝင်တို့ရှိမှ ကျေးရွာဆောင်ရန် ဆန္ဒပြုကြောင်း ၊ ကျေးရွာလူထုမှလည်း သဘောတူညီကြောင်း ထောက်ခံဆုံးဖြတ်ခဲ့သည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့ကော်မတီရေးရာအတွက် ဆန္ဒခံယူရာတွင် ဦးတင်ဦး နှင့် ဒေါ်ခင်ဝင်း တို့မှာ ဆက်လက်၍ ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထောက်ခံဆုံးဖြတ် ခဲ့ပြီး ဦးအေးရှိန် ဖော်ပြပါအတွက် မဲပေးရွေးချယ်ရာ တွင် (၁) ဦးသက်ဆော်ဦး (၂) ဦးသိန်းရှိန်(၃) ဦးခိုင်ရှိန် တို့ သုံးဦးမှ ဦးသက်ဆော်ဦးမှာ မဲအများဆုံးရရှိပြီး ဝင်ရောက် ရေးကောင်းဆောင်ရွက် ရွေးချယ်ခြင်းခံခဲ့ရသည်။ ဆက်လက်၍ ဆောင်ရွက်ရပြင် ကိုင်းဘိုး ရေးအပ်ကော်မတီရေးရာအတွက် ဖော်ထုတ်ကောက်ပြဆုံးဖြတ်ရာတွင် အမျိုးသားရေးရာအတွက် (၁) ဦးတင်ဝင်းဦး (၂) ဦးသိန်း ကြည်အေး (၃) ဦးထွန်း နှင့် အမျိုးသမီးရေးရာအတွက် (၁) ဒေါ်နွယ်နွယ်အေး (၂) ဒေါ်အေးသန့် ဖြူ (၃) ဒေါ်သူဇာမျိုး

တို့မှ ယှဉ်ပြိုင်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အမျိုးသားနေရာအတွက် ဦးတင်မိုးဝင်း
နှင့် အမျိုးသမီးနေရာအတွက် ဒေါ်နုဝင်းမြင့် တို့အား ရွေးချယ်ခဲ့ကြသည်။
ကောင်းကြည့်ကြီး ပြည်ရေးလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဦးမြစ်ကြည် နှင့် ဒေါ်ထားဝင်း
တို့အား ဖိုးယှဉ်ရွေးချယ် တင်မြှောက်ခဲ့သည်။ ဒေသနာဖြစ် ကိုယ်စားလှယ်ရွေး
ရေးပွဲအတွက် ကိုယ်စားလှယ်တင်ရာတွင် ဒေါ်ခင်ပုကြည့်မှာ အကျိုးကျေးဇူး
ဆောင်ရွက်ဖြစ်ကြောင်း အမျိုးသားနေရာအတွက် (၁) ဦးကြည်ထွန်း (၂) ဦးဝင်းတင်
(၃) ဦးထွန်းထွန်း တို့မှ ဦးကြည်ထွန်းအား မဲအများဆုံးဖြင့် ရွေးချယ်ခြင်းခံခဲ့ရသည်။
ကျေးရွာအုပ်စုအလိုက် ကိုယ်စားလှယ်အတွက် အဖွဲ့ဝင်ရာတွင် ဒေါ်ဖွေးဖွေးထွင်မှာ အကျိုး
ဆောင်အမှူးဆောင်ဖြစ်ကြောင်း ကျေးရွာလူထုမှ ထောက်ခံသောကြောင့်
တင်မြှောက်ရွေးချယ်ခဲ့သည်။ အဆိုပါ ရှင်နှီးကော်မတီမှ အမျိုးသားနေရာ
အတွက် (၁) ဦးဖိုးကျော် (၂) ဦးကျော်သောင်း (၃) ဦးတင်ဖြေ တို့မှ ဦးဖိုးကျော်မှာ
မဲအများဆုံးဖြင့် ရှင်နှီးကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။
အဆိုပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပွဲဝင် နေရာအတွက် မဲပေးရွေးချယ်ရာတွင်
(၁) ဦးဟိန်းဝေ (၂) ဦးဇော်ဝင်း (၃) ဦးတင်ဝေ တို့ သုံးဦးမှ ဦးဟိန်းဝေမှ မဲအများဆုံး
ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အဆိုပါ ကျေးရွာလုပ်ငန်းစဉ်များမှ
ရိုးရာချယ်ကမှာ ကောင်းမွန်စွာ ဆုံးဖြတ်ပြီးစီး၍ ဒေသခံလူထုမှ ပါဝင်
ကြီးကြပ်ပေးသော ကောင်းမွန်စွာ ပြီးဆုံးခဲ့သည်။

( မှတ်တမ်းတင်သူ )
ဦးကျော်ဦးမြင့်
၄၈

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ၂၂.၁၀.၂၀၁၉ ကျေးရွာ- ကွန်းကျေးရွာ VDP ရက်စွဲ-၂၂.၁၀.၂၀၁၉
မြို့နယ်- ကျောက်တန်းမြို့ ကျေးရွာအုပ်စု- ကွန်းကျေးရွာ

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း
  (အခြေခံအဆောက်အဦး၊အသက်မွေးမှုပညာရေး၊လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-।
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-